# Myanmar – EU Trade Helpdesk

## အီးယူပို့ကုန်စျေးကွက်လေ့လာချက် - ဩဂဲနစ်လက်ဖက်ခြောက်

### မြန်မာ့လက်ဖက်ခြောက်

လက်ဖက်ခြောက် သည် လက်ဖက်ပင်(*Camellia sinensis*) မှ ရရှိသော လက်ဖက်ရွက်ကို အခြောက်ခံခြင်းဖြစ်ပြီး ရေနွေးပူပူဖြင့်နှပ်ကာ ပူပူနွေးနွေးပြင်ဆင်သောက်သုံးရသော လက်ဖက်ရေကြမ်းတစ်မျိုးဖြစ်သည်။ လက်ဖက်ရွက်နှင့်အဖူးများသည် ဓာတ်တိုးဖြစ်စဉ်ကိုဖြစ်ပေါ်စေခြင်းမရှိပဲ လက်ဖက်အချိုခြောက်ထက် ကဖိန်းဓာတ်ပါဝင်မှုပိုမိုနည်းပါးသည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် အခြားသောဒြပ်ပေါင်းများကိုထိန်းသိမ်းထားသည့်အတွက် လက်ဖက်ခြောက်၌ ကျန်းမာရေးဆိုင်ရာဂုဏ်သတ္တိများကိုပိုင်ဆိုင်စေသည်။

မြန်မာနိုင်ငံသည် လက်ဖက်ခြောက်ထုတ်လုပ်မှုတွင် ရှည်လျားသောရိုးရာဓလေ့ရှိသည်။ လက်ဖက်ကျွမ်းကျင်သူများ၏အဆိုအရလက်ဖက်၏ မူလအခြေခံကို မြန်မာနိုင်ငံတွင်တွေ့ရှိရကြောင်း သိရသည်။ ထို့နောက် လက်ဖက်သမိုင်းကြောင်းသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ အခြားအာဆီယံနိုင်ငံများနှင့် အခြားဒေသများသို့ပျံ့နှံ့သွားခဲ့သည်။

မြန်မာ့လက်ဖက်ခြောက်



*ဓာတ်ပုံ ။ ။ Shan Valley*

ယခုအခါ နှစ်ပေါင်း ၁,၀၀၀ ကျော်သက်တမ်းရှိသည့် ပထမဦးဆုံးလက်ဖက်ပင်မှာ မြန်မာနိုင်ငံ ရှမ်းပြည်နယ်မြောက်ပိုင်း လွယ်ဆယ်တောင်ပေါ်တွင်တည်ရှိသည်။ မြန်မာနိုင်ငံတွင် လက်ဖက် (၈၀) ရာခိုင်နှုန်းကျော်ကို ပင်လယ်ရေမျက်နှာပြင်အထက် ရာသီဥတုအလွန်ကောင်းမွန်ကာမြင့်မားသောနေရာရှိ ရှမ်းပြည်နယ် တောင်ကုန်းထူထပ်သောနေရာများတွင် စိုက်ပျိုးသည်။

### အီးယူလက်ဖက်ခြောက်စျေးကွက်

ဥရောပသမဂ္ဂ (အီးယူ) တွင် လက်ဖက်ခြောက်တင်သွင်းခြင်းကို (၃) ကီလိုဂရမ်ထက်နည်းသောအထုပ်များ နှင့် (၃) ကီလိုဂရမ်ထက်များသောအထုပ်များတင်သွင်းခြင်းဟု ခွဲခြားထားသည်။ (၃) ကီလိုဂရမ်ထက်နည်းသောအထုပ်များသည် စုစုပေါင်းအီးယူသွင်းကုန်၏ (၆၀) ရာခိုင်နှုန်းရှိသည်။ အဘယ်ကြောင့်ဆိုသော် လက်ဖက်အများစုကို (၁) ကီလိုဂရမ်အလေးချိန်ရှိသောအထုပ်အမြောက်အများဖြင့် တင်သွင်းလေ့ရှိသောကြောင့်ဖြစ်သည်။

အီးယူ၏လက်ဖက်ခြောက်တင်သွင်းမှုသည် ၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ်တိုးတက်မှုနှုန်း အရေအတွက်အားဖြင့် (၂) ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် (၆) ရာခိုင်နှုန်း တိုးတက်လျက်ရှိသည်။ ၎င်းအချက်ကသွင်းကုန်စျေးနှုန်းများမြင့်တက်မှုကို ဖော်ပြလျက်ရှိသည်။

၂၀၁၇ ခုနှစ်တွင် လက်ဖက်ခြောက်တင်သွင်းမှု (၅၇,၀၀၀) တန် နှင့် (အီးယူဒေသတွင်းကုန်သွယ်မှုအပါအဝင်) ယူရိုဒေါ်လာ (၃၄၀) သန်းအထိ ရောက်ရှိခဲ့သည်။ အဆိုပါသွင်းကုန်များမှာ အထူးသဖြင့် ငယ်ရွယ်သောသောက်သုံးသူများအကြား ကျန်းမာရေးနှင့် ခေတ်ပေါ်လမ်းကြောင်းများ၏လှုံ့ဆော်တွန်းအားပေးမှုကြောင့် ဆက်လက်တိုးတက်လာမည်ဟု မျှော်လင့်ရပါသည်။

(ပုံ - ၁ ) အီးယူ၏လက်ဖက်ခြောက်တင်သွင်းမှု (တန်ချိန်)




*ရည်ညွှန်း ။ ။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ITC) Trade Map ၊ ၂၀၁၈*

ဥရောပတိုက်တွင် လက်ဖက်ပင်များစိုက်ပျိုးရန် ရာသီဥတုအလွန်အေးသောကြောင့် လက်ဖက်များထုတ်လုပ်မှုမရှိသလောက်ပင်ဖြစ်သည်။ အီးယူပြင်ပမှ လက်ဖက်ခြောက်တင်သွင်းမှုမှာ ၂၀၁၇ ခုနှစ်တွင် (၃၇,၅၀၀) တန်သို့ရောက်ရှိခဲ့ပြီး တစ်ချိန်တည်းတွင် အီးယူမှ အီးယူပြင်ပနိုင်ငံများသို့တင်ပို့မှုမှာ တန်ချိန် (၄,၀၀၀) ရှိခဲ့သည်။ လက်ဖက်ခြောက်အများစုကို အီးယူအတွင်းသောက်သုံးလျက်ရှိကာ သောက်သုံးမှုမှာ ခန့်မှန်းခြေအားဖြင့် (၃၃,၀၀၀) တန်ရှိသည်ကို ညွှန်ပြနေခြင်းဖြစ်သည်။

Operated by

Supported by

EUROPEAN UNION

## အီးယူမှ အလားအလာရှိသော ရည် မှန်းဈေးကွက်များ

လက်ဖက်ခြောက်အတွက် အကြီးမားဆုံးသော အီးယူဈေးကွက်သည် ဂျာမနီနိုင်ငံ ဖြစ်ပြီး ၎င်းနောက်တွင် ပြင်သစ်နှင့် နယ်သာလန်နိုင်ငံ တို့ ရှိကြသည်။ သို့သော် တန်ဖိုးအရအကြီးမားဆုံးဈေးကွက်မှာ ပြင်သစ်နိုင်ငံဖြစ်သည်။ ယင်းအချက်က တင်သွင်းသောလက်ဖက်ခြောက်၏ ပျှမ်းမျှဈေးနှုန်းတွင် ပြင်သစ်နိုင်ငံသည် ဂျာမနီနိုင်ငံထက်ပိုမိုမြင့်မားသည်ကိုညွှန်ပြနေပြီး အကြောင်းရင်းမှာ ထုပ်ပိုးမှုကွာခြားချက်ကြောင့်ဖြစ်သည်။ ဂျာမနီနိုင်ငံသည် ဥရောပ၏ အဓိကလက်ဖက်ခြောက်လက္ကားဝယ်ယူသည့်နိုင်ငံဖြစ်ကာ လက်ဖက်ခြောက်များကို အလေးချိန်အများအပြားပါဝင်သောထုပ်ပိုးမှုပုံစံဖြင့်တင်သွင်းပြီး ပြင်သစ်နိုင်ငံသည် ဈေးပိုကြီးပြီး အရွယ်အစားပိုမိုသေးငယ်သော အထုပ်ငယ်များအဖြစ် လက်ဖက်ခြောက်များကို ပိုမိုသိသာထင်ရှားစွာ တင်သွင်းလျက်ရှိသည်။

မြန်မာ့လက်ဖက်ခြောက်ကိုတင်ပို့သူများသည် ကြီးမားပြီး မြန်ဆန်စွာကြီးထွားလာနေသော အခြားဈေးကွက်များဖြစ်သည့် နယ်သာလန်၊ ဘူဂေးရီးယား၊ ပိုလန်နှင့်စပိန်နိုင်ငံတို့တွင်လည်း အခွင့်အလမ်းများ ရှာဖွေနိုင်သည်။

(ပုံ - ၂) ၂၀၁၇ ခုနှစ် ၊ အီးယူ၏လက်ဖက်ခြောက်တင်သွင်းမှုပုံစံ (တင်သွင်းမှုပမာဏအလိုက်)




*ရည်ညွှန်း ။ ။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ITC) Trade Map ၊ ၂၀၁၈*

မြန်မာသြဂဲနစ်လက်ဖက်ခြောက်အတွက်ရည်ရွယ်ရာသည် ဈေးနှုန်းအမြင့်မားဆုံးဈေးကွက်အပိုင်းဖြစ်သင့်သည်။ အဆိုပါအပိုင်းတွင် အထူးလက်ဖက်ရည်ရောင်းချသောဆိုင်များ၊ အရည်အသွေးမြင့်မားသော၊ အရောအနှောမရှိသော လက်ဖက်ရည်အမှတ်တံဆိပ်များနှင့် ဇိမ်ခံစားသောက်ဆိုင်များ၊ ဟိုတယ်များပါဝင်သည်။

## အီးယူဈေးကွက်လက္ခဏာရပ်များ

အီးယူသို့ လက်ဖက်ခြောက်ဦးဆောင်ရောင်းချသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ကာ ၎င်းနောက်တွင် ဂျပန်၊ အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်ကြသည်။ ကုန်သွယ်မှု၏အကြီးမားဆုံးပြန်လည်တင်ပို့သည့်နိုင်ငံများမှာ ဂျာမနီနှင့် ပိုလန်နိုင်ငံတို့ဖြစ်ကာ နှစ်နိုင်ငံစလုံးသည် ပြင်သစ်သို့ အရေအတွက်အများဆုံးတင်ပို့လျက်ရှိကြသည်။

(ပုံ - ၃) အီးယူသို့ လက်ဖက် (အခါးခြောက်) ဦးဆောင်တင်သွင်းနေသည့်နိုင်ငံများ (ယူရိုထောင်ပေါင်း)




*ရည်ညွှန်း ။ ။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ITC) Trade Map ၊ ၂၀၁၈*

အီးယူ လက်ဖက်ခြောက်ဈေးကွက်ရှိ အရေးအကြီးဆုံးဦးတည်လမ်းကြောင်း များမှာ များပြားလှသော လက်ဖက်ခြောက်ပုံစံအမျိုးမျိုး၌ စိတ်ဝင်စားမှုမြင့်မားလာခြင်းနှင့် အထူးထုတ်လုပ်ထားသော လက်ဖက်ခြောက်များအားသောက်သုံးမှု တိုးတက်လာခြင်းတို့ဖြစ်သည်။ ၎င်းတွင် ထူးခြားသောပင်ရင်းဒေသများမှ လက်ဖက်ခြောက်များနှင့် ထူးခြားသော လက်ဖက်ခြောက်အမျိုးမျိုးတို့ပါဝင်သည်။

တန်ဖိုးမြင့်မားပြီး အထူးထုတ်လုပ်ထားသောလက်ဖက်ခြောက်များအားရှာဖွေမှုတိုးတက်လာခြင်းက မြန်မာပို့ကုန်တင်ပို့သူများ အတွက်အခွင့်အလမ်းများကို ကူညီထောက်ပံ့ပေးနိုင်သည်။ ၎င်းတို့သည် ယဉ်ကျေးမှု (ရှည်လျားသော လက်ဖက်ရိုးရာဓလေ့) နှင့် သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုအခြေအနေများကဲ့သို့ ကွဲပြားခြားနားသော ပင်ကိုယ်အရည်အသွေးများအတွက် ရွေးချယ်စရာ အမှတ်တံဆိပ်အမျိုးမျိုးရှိသည့်အတွက် အီးယူဝယ်သူများအဖို့ ရောင်းချသူအသစ်များဖြစ်နိုင်ကြသည်။

## အီးယူဈေးကွက်ဝင်ရောက်မှုဆိုင်ရာလိုအပ်ချက်များ

- မြန်မာတင်ပို့သူများသည် ၎င်းတို့၏လက်ဖက်ခြောက်ထွက်ရှိမှုအဆင့်ဆင့်ကို တောင်သူ သို့မဟုတ် စိုက်ခင်းနေရာများအထိ နောက်ကြောင်းပြန်ခြေရာခံနိုင်ရမည်ဖြစ်သည်။ အီးယူမှဝယ်ယူသူအများအပြားသည် အစားအသောက်ဘေးဥပါဒ်ကင်းစင်ကြောင်း ထောက်ခံချက်များကို တောင်းဆိုကြသည်။
- သြဂဲနစ် လက်ဖက် ခြောက်သည် အီးယူသြဂဲနစ်ဥပဒေ EU organic legislation များနှင့် ကိုက်ညီ ကြောင်း အသိအမှတ်ပြုထားရမည်ဖြစ်သည်။ ထို့အပြင် မှျတသော ကုန်သွယ်မှုလက်မှတ်ရရှိထားသော သြဂဲနစ် လက်ဖက်ခြောက် မှာရှားပါးသည့်အတွက် မြန်မာလက်ဖက်ခြောက် ကုမ္ပဏီများအတွက် အခွင့်အလမ်းများ ပံ့ပိုးကူညီပေးနိုင်သည်။

## အီးယူတွင် ဝယ်သူမည်သို့ရှာမည်နည်း

သင်သည် အီးယူမှအလားအလာရှိသောဝယ်သူများကို အောက်ပါကဲ့သို့ သတင်းအရင်းအမြစ်အမျိုးမျိုးမှတစ်ဆင့် ရှာဖွေတွေ့ရှိနိုင်သည် -

- **ကုန်စည်ပြပွဲများ** - COTECA (တစ်နှစ်လျှင်နှစ်ကြိမ်၊ ဂျာမနီ) ၊ Anuga (တစ်နှစ်လျှင်နှစ်ကြိမ်၊ ဂျာမနီ) ၊ SIAL Paris (တစ်နှစ်လျှင်နှစ်ကြိမ်၊ ပြင်သစ်) ၊ BIOFACH (နှစ်စဉ်၊ ဂျာမနီ) ၊ Tea & Coffee World Cup (နှစ်စဉ်၊ နေရာဒေသအမျိုးမျိုး)
- **အသင်းအဖွဲ့များ၏အသင်းဝင်များစာရင်း** - Tea and Herbal Infusions Europe ၊ International Tea Committee
- **အထူးအွန်လိုင်းလမ်းညွှန်များ** - UKERS ၊ Ethical Tea Partnership ၊ Vicony Tea Directory

**ဆက်သွယ်ရန်**
မြန်မာ-အီးယူကုန်သွယ်မှုအကူအညီပေးရေးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
အမှတ် ၂၂၈ - ၂၄၀ ၊ ကမ်းနားလမ်း၊ ဒုတိယထပ်
ရန်ကုန်၊ မြန်မာ။
အီးမေးလ် - mmeu.tradehelpdesk@gmail.com

*ယခုထုတ်ဝေမှုကို ဥရောပသမဂ္ဂ၏ရန်ပုံငွေအထောက်အပံ့ဖြင့် ပြုလုပ်ပါသည်။ ပါရှိသောအကြောင်းအရာများနှင့်ပတ်သက်၍ ရေးသားသူ (Aleksandar Jovanovic) ထံတွင် အလုံးစုံတာဝန်ရှိပြီး ဥရောပသမဂ္ဂသို့မဟုတ် အခြားမည်သည့်အဖွဲ့အစည်း၏အမြင်ကိုမျှလုံးဝထင်ဟပ်ခြင်းမရှိပါ။*

*စက်တင်ဘာ ၂၀၁၈*